**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

# ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်

## (Environmental Compliance Certificate - ECC)

သက်သေခံလက်မှတ်အမှတ်။ ECC ( ၁၂၅၉ ) ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း (အမိန့်ကြော်ငြာစာအမှတ် ၆၁၆/၂၀၁၅) တို့အရ နောက်ဆက်တွဲ (က) တွင် ဖော်ပြထားသော အဆိုပြုစီမံကိန်းအား နောက်ဆက်တွဲ (ခ) ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်စေလျက် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate - ECC) ကို ထုတ်ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | **စီမံကိန်းအဆိုပြုသူ** | - ဒေါ်ဂျင်းလင်(ခ)ဒေါ်ဂျင်းလေ(Director) |
| (ခ) | **ဆက်သွယ်ရန် လိပ်စာ** | - Well Being Company Limited<br>အမှတ်(၁၉၈)၊ ဝေဇယန္တာ(၃)လမ်း၊ “စ” ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၅၃၅၂၅၄၄။ |
| (ဂ) | **စီမံကိန်းအမျိုးအစား** | - လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ ဝက်သစ်ချသီး၊ ကော်ဖီစေ့၊ သီဟိုဠ်ဆံများအား ကြိတ်ခွဲခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း |
| (ဃ) | **စီမံကိန်းကာလ** | - အခွင့်အမိန့်ရ အဖွဲ့အစည်းက ခွင့်ပြုသည့်ကာလ |
| (င) | **စီမံကိန်း၏ အရွယ်အစား** | - စီမံကိန်းဧရိယာ(၆.၉၆၇) ဧက |
| (စ) | **စီမံကိန်းတည်နေရာ** | - အကွက်အမှတ်(၃)၊ သရက်မှော်အကွက် ၂/ တေဇခင်ဦး၊ နေပူကုန်းလမ်း၊ တောင်ငူမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ |
| (ဆ) | **ECC သက်တမ်း (၅)နှစ်** | - စတင်ထုတ်ပေးရက် - ၂၁-၃-၂၀၂၅<br>သက်တမ်းကုန်ဆုံးရက် - ၂၀-၃-၂၀၃၀ |
| (ဇ) | **အတည်ပြုအစီရင်ခံစာ** | - ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏၂၃-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ပဲခူး/ အီးအိုင်အေ(၃၅၈၄/၂၀၂၄)ဖြင့် တင်ပြသည့် **“ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)”** |



၂၉.၄.၂၀၂၅

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(လှမောင်သိန်း၊ အမြဲတမ်းအတွင်းဝန်)
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

AnyScanner

**စည်းကမ်းချက်များ**

၁။ စီမံကိန်းအဆိုပြုသူသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) ဤသက်သေခံလက်မှတ်၏ နောက်ဆက်တွဲပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ရန်၊

(ခ) ပတ်ဝန်းကျင်နှင့်လူမှုဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများကို ကြိုတင်ကာကွယ်ရေး၊ အနိမ့်ဆုံး ဖြစ်စေရေးနှင့် ထိခိုက်မှုများကို ပြန်လည်ကုစားရေး ဆောင်ရွက်ပေးရန်၊

(ဂ) စီမံကိန်းအဆိုပြုသူ၏ စီမံကိန်းဆိုင်ရာ ကတိကဝတ်များနှင့် လိုက်နာထမ်းဆောင်ရမည့် တာဝန်များကို သတ်မှတ်ရန်၊

(ဃ) လက်ခံနိုင်သော ပတ်ဝန်းကျင်အရည်အသွေးဖြစ်စေရေးအတွက် စံချိန်စံညွှန်းများနှင့် အရည်အသွေးတိုင်းတာရေးနည်းလမ်းများ သတ်မှတ်ရန်၊

(င) စောင့်ကြပ်ကြည့်ရှုခြင်းနှင့် အစီရင်ခံခြင်းတို့ကို ပုံမှန်ဆောင်ရွက်စေရန်၊

(စ) စီမံကိန်းတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး အစီအမံတစ်ရပ်ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဆ) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား (၆) လ တစ်ကြိမ် ရေးဆွဲတင်ပြရန်၊

(ဇ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအရွယ်အစား၊ တည်နေရာ၊ ဆက်သွယ်ရန်လိပ်စာ၊ လုပ်ငန်း ဆောင်ရွက်မှု ရှိ/ မရှိ အခြေအနေများ ပြောင်းလဲမှုရှိပါက ဝန်ကြီးဌာနသို့ ဆက်သွယ် အကြောင်းကြားရန်၊

(ဈ) ဤဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရန်၊

(ည) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် လုပ်ငန်းဆောင်ရွက်ရန်အတွက် ခွင့်ပြုမိန့်ထုတ်ပေးခြင်းမဟုတ်ဘဲ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ စည်းကမ်းချက်များအား လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး မြေအသုံးပြုခွင့်နှင့် လုပ်ငန်းဆောင်ရွက်ခွင့်ပြုမိန့်တို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန သို့မဟုတ် အခွင့်အမိန့်ရ အဖွဲ့အစည်းများ၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များ နှင့်အညီ ရယူလိုက်နာဆောင်ရွက်ရန်၊

(ဋ) ဤသက်သေခံလက်မှတ်သည် လုပ်ငန်းပိုင်ဆိုင်မှုနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂။ သက်ဆိုင်ရာ ခွင့်ပြုမိန့်ထုတ်ပေးသည့်ဌာနမှ ခွင့်ပြုမိန့် ပယ်ဖျက်လျှင်သော်လည်းကောင်း၊ သက်တမ်းတိုးပေးခြင်း မရှိလျှင်သော်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် သက်တမ်းရှိစေကာမူ ဤသက်သေခံလက်မှတ်၏ သက်တမ်းသည်လည်း အလိုအလျောက် ကုန်ဆုံးသည်ဟု မှတ်ယူရမည်။

နောက်ဆက်တွဲ(က)

**Well Being Co., Ltd. မှ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ ဝက်သစ်ချသီး၊ ကော်ဖီစေ့၊ သီဟိုဠ်ဆံများအား ကြိတ်ခွဲခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ Well Being Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အကွက်အမှတ် (၃)၊ သရက်မှော်အကွက် ၂/ တေဇောခင်ဦး၊ နေပူကုန်းလမ်းရှိ မြေဧရိယာ(၆.၉၆၇) ဧကပေါ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ ဝက်သစ်ချသီး၊ ကော်ဖီစေ့၊ သီဟိုဠ်ဆံများအား ကြိတ်ခွဲခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၂၃-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၃၅၈၄/၂၀၂၄) ဖြင့် တင်ပြခဲ့သည့် အပြီးသတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဒေါ်ဂျင်းလင်(ခ) ဒေါ်ဂျင်းလေ၊ ဒါရိုက်တာ၊ Well Being Co., Ltd. ၊ အမှတ်(၁၉၈)၊ ဝေဇယန္တ(၃)လမ်း၊ “စ”ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉၅၃၅၂၅၄၄ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ပဲလွန်းဖြူကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ပုံအဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းများကို ဆိုဒ်ခွဲခြင်း၊ ခွဲခြမ်းများ ပြုလုပ်ခြင်း၊ အပယ်များ ရွေးထုတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်း၊ ကုန်ချောသိုလှောင်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သီဟိုဠ်ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ပုံအဆင့်ဆင့် အနေဖြင့် သီဟိုဠ်အား နေလှန်းခြင်း၊ ပေါင်းခံခြင်း၊ စက်ဖြင့်ခွဲခြင်း၊ လက်ဖြင့်ခွဲခြင်း၊ Dryer ဖြင့် အပူပေးခြင်း၊ သီဟိုဠ်ဆံ ထုတ်ယူခြင်း၊ စက်ဖြင့် အခွံချွတ်ခြင်း၊ လက်ဖြင့် အခွံချွတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်း၊ ကုန်ချောသိုလှောင်ခြင်း၊ ကော်ဖီ ထုတ်လုပ်ရာတွင် Honey နည်းစဉ်၊ Anaerobic နည်းစဉ်၊ သဘာဝနည်း (Fully Wash) နည်းစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ Honey နည်းစဉ်ဖြင့် ထုတ်လုပ်ရာတွင် ကုန်ကြမ်းသိုလှောင်ခြင်း၊ အစိမ်းသီးနှင့် အခြောက်သီးများ ဖယ်ရှားခြင်း၊ နေလှန်းခြင်း၊ အခွံချွတ်ခြင်း၊ ဇကာချခြင်း၊ ပါကင်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်းတို့ ဆောင်ရွက်ပါကြောင်း၊ Anaerobic နည်းစဉ်တွင် ကော်ဖီအလုံးစိုများအား အစိမ်းသီးနှင့် အခြောက်သီးများ ဖယ်ရှားခြင်း၊ ပလတ်စတစ်အိတ်များထဲတွင် ထည့်သွင်းပြီးနောက် ပလတ်စတစ်ပုံးများတွင် (၃)ရက်ခန့် အလုံပိတ်ထားခြင်း၊ ကော်ဖီဆံများအား (၁၄) ရက်ခန့် နေလှန်းခြင်း၊ ကော်ဖီများအား အခွံချွတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သဘာဝနည်းစဉ်တွင် ကော်ဖီအလုံးစိုများအား အစိမ်းသီးနှင့် အခြောက်သီးများ

ဖယ်ရှားခြင်း၊ စက်ဖြင့်ကြိတ်ခြင်း၊ အချဉ်ဖောက်ခြင်း၊ စက်ဖြင့်ဆေးကြောခြင်း၊ နေလှန်းခြင်း၊ အခွံချွတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် စုစုပေါင်း လုပ်သား (၅၀)ဦးဖြင့် တနင်္လာနေ့မှ သောကြာနေ့အထိ အလုပ်ချိန် (၈း၀၀)နာရီမှ (၁၆း၃၀) နာရီထိနှင့် စနေနေ့တွင် (၇း၃၀) နာရီမှ (၁၁း၃၀)နာရီထိ လုပ်ငန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းသုံး ပစ္စည်းကိရိယာများမှာ Steamer line (၁)လုံး၊ Shelling Machine (၁၂)လုံး၊ Steam Dryer (၂)ခု၊ Humidifier Line (၂) လုံး၊ Peeling MC Line(၅) လုံး၊ Size Sorting(၁) လုံး၊ Creaming table(၂၀)လုံး၊ Electrical Dryer(၄)ခု၊ Electrical Fan Heater (၁၀လုံး၊ Inline Fan (၂)ခု၊ Ventilator (၁)လုံး၊ Hot wind Machine (၁)လုံး၊ Stir Machine (၁)လုံး၊ Husking Machine (၁)လုံးတို့ကို အသုံးပြုမည်ဖြစ်ကြောင်း၊ သောက်ရေလိုအပ်ချက်အနေဖြင့် တစ်နှစ်လျှင် (၃၆,၀၀၀) ဂါလန်ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအား သုံးရေနှင့် အထွေထွေသုံးရေ လိုအပ်ချက် အနေဖြင့် တစ်နှစ်လျှင် (၁၂၀,၀၀၀) ဂါလန်ခန့် အသုံးပြုမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အား အသုံးပြုမှုအနေဖြင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာနမှ အသုံးပြုခွင့် ရရှိထားပြီး (၃၁၅) ကေဗွီအေ ထရန်စဖော်မာတစ်လုံးဖြင့် တစ်နှစ်လျှင် (၁၀၀,၀၀၀) ယူနစ်ခန့်၊ ဒီဇယ်ဆီသုံး အရံမီးစက် (၃၈၆) ကေဗွီအေ (၁)လုံး တပ်ဆင်အသုံးပြုပါကြောင်း၊ ဒီဇယ်ဆီအသုံးပြုမှုအနေဖြင့် တစ်နှစ်လျှင် (၂,၄၀၀) ဂါလန်ခန့် အသုံးပြုပါကြောင်း ဖော်ပြထားပါသည်။


၅။ **စီမံကိန်းတည်နေရာ။** မြေဧရိယာ (၆.၉၆၇) ဧက၊ နေပူကုန်းလမ်း၊ သရက်မှော်အကွက် ၂/ တေဇောခင်ဦး၊ အကွက်အမှတ် (၃)၊ တောင်ငူမြို့နယ်၊ တောင်ငူခရိုင်၊ ပဲခူးတိုင်းဒေသကြီးတွင် တည်ရှိပါသည်။


AnyScanner


**Well Being Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အကွက် အမှတ် (၃)၊ သရက်မှော်အကွက် ၂/ တေခေါခင်ဦး၊ နေပူကုန်းလမ်းရှိ မြေဧရိယာ(၆.၉၆၇) ဧကပေါ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ ဝက်သစ်ချသီး၊ ကော်ဖီစေ့၊ သီဟိုဠ်ဆံ များအား ကြိတ်ခွဲခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ Location Map**



**Well Being Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အကွက် အမှတ် (၃)၊ သရက်မှော်အကွက် ၂/ တေဇောခင်ဦး၊ နေပူကုန်းလမ်းရှိ မြေဧရိယာ(၆.၉၆၇) ကေပေါ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ ဝက်သစ်ချသီး၊ ကော်ဖီစေ့၊ သီဟိုဠ်ဆံ များအား ကြိတ်ခွဲခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ Layout Plan**



**Well Being Co., Ltd. မှ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အကွက် အမှတ် (၃)၊ သရက်မှော်အကွက် ၂/ တေဇောခင်ဦး၊ နေပူကုန်းလမ်းရှိ မြေဧရိယာ(၆.၉၆၇) ဧကပေါ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပဲလွန်းဖြူ၊ ပဲတီစိမ်း၊ ဝက်သစ်ချသီး၊ ကော်ဖီစေ့၊ သီဟိုဠ်ဆံများအား ကြိတ်ခွဲခြင်းနှင့် ရောင်းချခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်**

1. ကုန်ကြမ်းသိုလှောင်ခြင်း
2. ဆိုဒ်ခွဲခြင်း
3. ခွဲခြမ်းများပြုလုပ်ခြင်း
4. အပယ်များ ရွေးထုတ်ခြင်း
5. ပါကင်ထုပ်ပိုးခြင်း
6. ကုန်ချောသိုလှောင်ခြင်း

**ပဲလွန်းဖြူကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ပုံ အဆင့်ဆင့်**

1. နေလှန်းခြင်း
2. ပေါင်းခံခြင်း
3. စက်ဖြင့်ခွဲခြင်း
4. လက်ဖြင့်ခွဲခြင်း
5. Dryer ဖြင့် အပူပေးခြင်း
6. သီဟိုဠ်ဆံထုတ်ယူခြင်း
7. စက်ဖြင့် အခွံချွတ်ခြင်း
8. လက်ဖြင့် အခွံချွတ်ခြင်း
9. ပါကင်ထုပ်ပိုးခြင်း
10. ကုန်ချောသိုလှောင်ခြင်း

**သီဟိုဠ် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ပုံ အဆင့်ဆင့်**

1. ကုန်ကြမ်းသိုလှောင်ခြင်း
2. အစိမ်းသီး၊ အခြောက်သီး ရွေးချယ်ခြင်း
3. စက်ဖြင့်ကြိတ်ခြင်း
4. အချဉ်ဖောက်ခြင်း
5. စက်ဖြင့်ဆေးကြောခြင်း
6. နေလှန်းခြင်း
7. အခွံချွတ်ခြင်း
8. ပါကင်ထုပ်ပိုးခြင်း နှင့် သိုလှောင်ခြင်း

**ကော်ဖီ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ပုံ အဆင့်ဆင့်**

1. ကုန်ကြမ်းသိုလှောင်ခြင်း
2. အစိမ်းသီး နှင့် အခြောက်သီးများ ဖယ်ရှားခြင်း
3. နေလှန်းခြင်း
4. အခွံချွတ်ခြင်း
5. ဇကာချခြင်း
6. ပါကင်ထုပ်ပိုးခြင်း နှင့် သိုလှောင်ခြင်း

**Honey နည်းစဉ်ဖြင့် ထုတ်လုပ်ပုံ အဆင့်ဆင့်**

SCAN AnyScanner

နောက်ဆက်တွဲ(ခ)

## ကတိကဝတ်များ၊ စည်းကမ်းသတ်မှတ်ချက်များနှင့် အထွေထွေစည်းကမ်းများ

## ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)အရ လိုက်နာဆောင်ရွက်ရမည့်ကတိကဝတ်များ

ဖ။ စီမံကိန်းအဆိုပြုသူက ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ အကွက်အမှတ် (၃)၊ သရက်မှော်အကွက် ၂/ တေဇောခင်ဦး၊ နေပူကုန်းလမ်းရှိ မြေဧရိယာ(၆.၉၆၇) ဧကပေါ်တွင် လယ်ယာထွက်ကုန်ပစ္စည်းများနှင့် ပဲလွန်းဖြူ ပဲတီစိမ်း၊ ဝက်သစ်ချသီး၊ ကော်ဖီစေ့၊ သီဟိုဠ်ဆံများအား ကြိတ်ခွဲခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအတွက် ညွှန်ကြားရေးမှူးရုံး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး၏ ၂၃-၁၀-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဲခူး/ အီးအိုင်အေ (၃၅၈၄/ ၂၀၂၄) ဖြင့် တင်ပြလာသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) တွင် ဖော်ပြထားသည့် အောက်ပါကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်း။** စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့် စီမံကိန်းနှင့်သက်ဆိုင်သည့် အခြားမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။

(ခ) **စီမံကိန်းဆောင်ရွက်မည့်နည်းစဉ်။** လုပ်ငန်းစဉ်အဆင့်ဆင့်အနေဖြင့် ပဲလွန်းဖြူ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ပုံအဆင့်ဆင့်အနေဖြင့် ကုန်ကြမ်းများကို ဆိုဒ်ခွဲခြင်း၊ ခွဲခြမ်းများ ပြုလုပ်ခြင်း၊ အပယ်များ ရွေးထုတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်း၊ ကုန်ချော သိုလှောင်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သီဟိုဠ်ကုန်ကြမ်းမှ ကုန်ချော ထုတ်လုပ်ပုံအဆင့်ဆင့်အနေဖြင့် သီဟိုဠ်အား နေလှန်းခြင်း၊ ပေါင်းခံခြင်း၊ စက်ဖြင့် ခွဲခြင်း၊ လက်ဖြင့်ခွဲခြင်း၊ Dryer ဖြင့် အပူပေးခြင်း၊ သီဟိုဠ်ဆံ ထုတ်ယူခြင်း၊ စက်ဖြင့် အခွံ ချွတ်ခြင်း၊ လက်ဖြင့် အခွံချွတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်း၊ ကုန်ချောသိုလှောင်ခြင်း၊ ကော်ဖီ ထုတ်လုပ် ရာတွင် Honey နည်းစဉ်၊ Anaerobic နည်းစဉ်၊ သဘာဝနည်း (Fully Wash) နည်းစဉ်များဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ Honey နည်းစဉ်ဖြင့် ထုတ်လုပ်ရာတွင် ကုန်ကြမ်းသိုလှောင်ခြင်း၊ အစိမ်းသီးနှင့် အခြောက်သီးများ ဖယ်ရှားခြင်း၊ နေလှန်းခြင်း၊ အခွံချွတ်ခြင်း၊ ဇကာချခြင်း၊ ပါကင်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်းတို့ ဆောင်ရွက်ပါကြောင်း၊ Anaerobic နည်းစဉ်တွင် ကော်ဖီအလုံးစိ များအား အစိမ်းသီးနှင့် အခြောက်သီးများ ဖယ်ရှားခြင်း၊ ပလတ်စတစ်အိတ်များ

AnyScanner

ထဲတွင် ထည့်သွင်းပြီးနောက် ပလတ်စတစ်ပုံးများတွင် (၃)ရက်ခန့် အလုံပိတ်ထားခြင်း၊ ကော်ဖီဆံများအား (၁၄) ရက်ခန့် နေလှန်းခြင်း၊ ကော်ဖီများအား အခွံချွတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သဘာဝနည်းစဥ်တွင် ကော်ဖီအလုံးစိုများအား အစိမ်းသီးနှင့် အခြောက်သီးများ ဖယ်ရှားခြင်း၊ စက်ဖြင့်ကြိတ်ခြင်း၊ အချဉ်ဖောက်ခြင်း၊ စက်ဖြင့်ဆေးကြောခြင်း၊ နေလှန်းခြင်း၊ အခွံချွတ်ခြင်း၊ ပါကင်ထုပ်ပိုးခြင်းနှင့် သိုလှောင်ခြင်း တို့ကို ဆောင်ရွက်မည်ဖြစ်ပါသည်။

(ဂ) **လေထုအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မော်တော်ယာဉ်များမှ ထွက်ရှိသည့် ဓါတ်ငွေ့များနှင့် အမှုန်အမွှားများ လျှော့နည်းစေရေး စက်ပစ္စည်းများကို ပုံမှန်ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ရန်၊

(၂) ယာဥ်သုံးစွဲမှုအနည်းဆုံးဖြစ်စေရေး စီမံခြင်းနှင့် စောင့်ကြည့်ထိန်းချုပ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၃) လောင်ကျွမ်းအားကောင်းပြီး ဆာလဖာပါဝင်မှုနည်းသည့် လောင်စာဆီများကို အသုံးပြုဆောင်ရွက်ရန်၊

(၄) အရည်အသွေးကောင်းမွန်သည့် လောင်စာဆီများအား အသုံးပြုရန်။

(ဃ) **ဆူညံသံစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) ဆူညံသံနှင့် တုန်ခါမှုများ စီမံကိန်းဧရိယာပြင်ပသို့ ထွက်ရှိလာခြင်းမရှိစေရေး နံရံအတားအဆီးများ ကာရံထားရှိရန်၊

(၂) စက်ကိရိယာများအား ပုံမှန်ပြုပြင်ထိန်းသိမ်းရန်၊

(၃) ဆူညံသံအနီး လုပ်ငန်းဆောင်ရွက်ရသည့် ဝန်ထမ်းများအား PPE များ ဝတ်ဆင်ဆောင်ရွက်ရန်၊

(၄) ဆူညံသံနှင့် တုန်ခါမှုများအား လျှော့ချနိုင်စေရေးအတွက် နောက်ခံအသံဆူညံမှုများရှိသည့် နေ့ဘက်နှင့် ရုံးဖွင့်ရက်များတွင် ဆောင်ရွက်ရန်၊

(၅) ထိခိုက်မှုလျှော့ပါးစေရေး အစီအမံများ ဆောင်ရွက်ရန်။

(င) **စွန့်ထုတ်ရေအရည်အသွေးစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီးဆင်းရေများအား ရေစီးဆင်းမှု စနစ်တကျရှိစေရေးနှင့် မြေတိုက်စားမှုမရှိစေရေးတို့အတွက် ကွန်ကရစ်ခင်းခြင်း/ ရေနုတ်မြောင်းစနစ်များ ပုံမှန်ပြုပြင် ထိန်းသိမ်းရန်၊

(၂) ဝန်ထမ်းများ အထွေထွေသုံးစွဲခြင်းတို့မှ ဖြစ်ပေါ်လာနိုင်သည့် ရေထုညစ်ညမ်းမှုအား လျှော့ချနိုင်ရေးအတွက် အစီအမံများအား လိုအပ်ချက်နှင့်အညီ စီမံချက်ရေးဆွဲရန်၊

(၃) မိလ္လာစွန့်ပစ်ခြင်းအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်၍ စွန့်ပစ်ရန်။

(စ) **စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းလည်ပတ်ကာလအတွင်း ထုပ်ပိုးမှုသုံး စွန့်ပစ်ပစ္စည်းများ၊ ရုံးလုပ်ငန်းသုံး ပစ္စည်းများ၊ ဝန်ထမ်းများ၏ စွန့်ပစ်ပစ္စည်းများ၊ စားကြွင်းစားကျန်များ၊ ပလတ်စတစ်အမှုန်များ စသည်တို့ကို မြို့နယ်စည်ပင်နှင့် ဆက်သွယ်၍ (၁)ပတ်လျှင် တစ်ကြိမ်ခန့် စွန့်ပစ်ရန်၊

(၂) ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရာတွင် ထွက်ရှိသည့် အခွံများကို ဝယ်ယူသူများထံ ပြန်လည်ရောင်းချခြင်း၊ စည်ပင်သာယာရေးအဖွဲ့နှင့် ချိတ်ဆက်၍ စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၃) စီမံကိန်း ဖျက်သိမ်းသည့်ကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် စွန့်ပစ်ပစ္စည်းများအား စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် အစီအမံများ ရေးဆွဲဆောင်ရွက်ရန်။

(ဆ) **လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စီမံခန့်ခွဲမှု။** အောက်ပါအတိုင်း လိုက်နာ ဆောင်ရွက်ရမည်-

(၁) လုပ်ငန်းခွင် မတော်တဆထိခိုက်မှုများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရေး တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများ ဝတ်ဆင်စေရန်၊

(၂) ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်း၊ သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန်၊

(၃) မသာမာသူများ၏ နှောင့်ယှက်ဖျက်ဆီးခြင်းမှ ကာကွယ်နိုင်ရေး လုံခြုံရေးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးခြင်း၊ လုံခြုံရေးကင်မရာများ တပ်ဆင်စောင့်ကြပ်ကြည့်ရှုခြင်းတို့ကို ဆောင်ရွက်ရန်၊

(၄) သဘာဝဘေး ကာကွယ်ရေးစီမံချက်များ ရေးဆွဲထားခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းတို့ကို ဆောင်ရွက်ရန်။

(ဇ) **မီးဘေးကြိုတင်ကာကွယ်ခြင်း စီမံခန့်ခွဲမှုအစီအစဉ်။** တစ်ဖက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မတော်မဆမှုများကြောင့် မီးလောင်ကျွမ်းမှုမရှိစေရေး လျှပ်စစ်ဝါယာကြိုးများအား ပုံမှန်စစ်ဆေးရန်၊

(၂) လောင်စာများ ဖိတ်လျှံပါက ပျံ့နှံ့သွားခြင်းမရှိစေရေး တစ်ဆင့်ခံ မြောင်းစနစ်များ ဖောက်လုပ်ထား၍ ပုံမှန်စစ်ဆေးရန်၊

(၃) ကုန်ကြမ်း/ ကုန်ချောများ စနစ်တကျ သိုလှောင်ထားရှိခြင်း၊ မီးသတ်ဆေးဘူးများ ထားရှိခြင်း၊ မီးသတ်ပစ္စည်းကိရိယာများ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ရန်၊

(၄) မီးသတ်ဦးစီးဌာနနှင့် ဆက်သွယ်၍ စီမံကိန်းရှိ ဝန်ထမ်းများအား သင်တန်းပေးခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်း၊ မီးဘေးစီမံချက်များ ထားရှိခြင်းတို့ကို ဆောင်ရွက်ရန်။

(ဈ) **စောင့်ကြပ်ကြည့်ရှုမည့်အစီအစဉ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေထုအရည်အသွေး $SO_2$၊ $NO_2$၊ CO၊ $CO_2$၊ $O_3$၊ $PM_{2.5}$၊ $PM_{10}$ စသည့် ပါရာမီတာ များအား (၆)လလျှင် တစ်ကြိမ် စီမံကိန်းအတွင်း တိုင်းတာ ရန်၊

(၂) ဆူညံသံနှင့် တုန်ခါမှုအဆင့်အား (၆)လလျှင် တစ်ကြိမ် တိုင်းတာရန်၊

(၃) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ pH, Colour, BOD, COD, Total Suspended Solid(TSS), Total phosphorous, Nitrogen စသည့် ပါရာမီတာတို့ကို (၆)လလျှင် တစ်ကြိမ် ဓာတ်ခွဲတိုင်းတာရန်၊

(၄) မြေပေါ်ရေအရည်အသွေးနှင့် pH, Color, BOD, COD, DO, Total Suspended Solid(TSS), Nitrogen စသည့် ပါရာမီတာတို့ကို (၆)လလျှင် တစ်ကြိမ် ဓာတ်ခွဲတိုင်းတာရန်၊

(၅) မြေအောက်ရေအရည်အသွေးနှင့် pH, Colour, Turbidity, Total Hardness, Iron, Chloride, Sulphate, (as SO4), BOD, COD, DO, Total Suspended Solid(TSS),Total Dissolved Solid, Manganese စသည့် ပါရာမီတာတို့ကို (၆)လလျှင် တစ်ကြိမ် ဓာတ်ခွဲ တိုင်းတာရန်၊

(၆) စွန့်ပစ်ပစ္စည်းများနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ ပမာဏ၊ စွန့်ပစ်မှု နည်းလမ်းများနှင့် စက်ပစ္စည်းများ ပြုပြင်ခြင်းမှ စွန့်ပစ်ပစ္စည်းများ ထွက်ရှိမှု အခြေအနေများအား မျက်မြင်စစ်ဆေးခြင်း၊ မှတ်တမ်းထားရှိခြင်းတို့ကို ဆောင်ရွက်ရန်၊

(၇) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး၊ အရေးပေါ် အခြေအနေ တုံ့ပြန်ရေး၊ မီးဘေးအန္တရာယ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ သင်တန်းပေးခြင်း၊ အသိပညာပေးခြင်း၊ မျက်မြင်စစ်ဆေးခြင်း၊ မှတ်တမ်းထားရှိခြင်းတို့ကို အပတ်စဉ်၊ လစဉ်၊ နှစ်စဉ် ဆောင်ရွက်ရန်။

(ည) **တာဝန်ယူဆောင်ရွက်မည့်အဖွဲ့အစည်းများ။** အစီရင်ခံစာပါ ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုခြင်းအစီအစဉ်တို့အတွက် အစီရင်ခံစာ၌ ဖော်ပြထား သည့်အတိုင်း ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဋ) **အများပြည်သူနှင့် တိုင်ပင်ဆွေးနွေးခြင်း။** ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေး ခြင်းကို စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေစဉ်အတွင်း စီမံကိန်းအနီးဝန်းကျင်ရှိ ဒေသခံများနှင့်စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့ဆန္ဒနှင့် သဘောထားများကို ညှိနှိုင်းဆောင်ရွက်ရမည်။

(ဌ) **လျာထားအသုံးစရိတ်။** အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် လုံလောက်မှု မရှိပါက ထပ်မံဖြည့်တင်း ဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းသက်သာစေရေး နည်းလမ်းများအတွက် လျာထား အသုံးစရိတ် (၁၅) သိန်း ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၂) စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းအစီအစဉ်များအတွက် လျာထားအသုံးစရိတ် (၂၀) သိန်း ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၃) လုပ်ငန်းခွင်ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအစီအစဉ် လျာထား အသုံးစရိတ် (၁၀) သိန်း ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၄) အရေးပေါ်အခြေအနေတုံ့ပြန်ရေးအစီအစဉ်အတွက် လျာထားအသုံးစရိတ် (၁၀) သိန်း ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၅) စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအစီအစဉ်အတွက် လျာထားအသုံးစရိတ် (၁၀) သိန်းကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအစီစဉ်အတွက် လျာထား အသုံးစရိတ် (၄) သိန်း ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(၇) ဝန်ထမ်းများအတွက် အသိပညာပေးခြင်းနှင့် သင်တန်းများ အစီအစဉ်အတွက် လျာထားအသုံးစရိတ် (၁၀) သိန်း ကျပ် သုံးစွဲမည်ကို လိုက်နာရန်၊

(ဓ) လုပ်ငန်းစုစုပေါင်းအမြတ်ငွေ၏ (၂%) မှ ဒေသဖွံ့ဖြိုးမှုနှင့် လူမှုစီးပွား တိုးတက်ရေး အတွက် သုံးစွဲမည်ကို လိုက်နာရန်။

(၃) **လုပ်ငန်းပိတ်သိမ်းခြင်း။** စက်ရုံပိတ်သိမ်းခြင်းကို ဆက်စပ်ဌာနဆိုင်ရာများ၏ ညွှန်ကြားချက်များအတိုင်း လိုက်နာဆောင်ရွက်ပြီး အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာနနှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ ပိတ်သိမ်းခြင်း မဆောင်ရွက်မီ တစ်လကြိုတင်၍ ပိတ်သိမ်းမည့် အစီအစဉ်ကို တင်ပြရမည်။

**ပတ်ဝန်းကျင်နှင့်လူမှုရေးစီမံခန့်ခွဲမှုဆိုင်ရာလိုက်နာဆောင်ရွက်ရမည့်စည်းကမ်းသတ်မှတ်ချက်များ**

၇။ စီမံကိန်းအဆိုပြုသူသည် အထက်အပိုဒ် (၆) တွင် ဖော်ပြထားသော ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်အရ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကတိကဝတ်များအပြင် အောက်ပါဖော်ပြပါ စည်းကမ်းချက်များ၊ သတ်မှတ်ချက်များကိုလည်း အပြည့်အဝ လိုက်နာဆောင်ရွက်ရမည်-

(က) **မူဝါဒ၊ ဥပဒေ၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်ပါ စည်းကမ်းသတ်မှတ်ချက် များ။** အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းစဉ် (၂၀၁၈-၂၀၃၀)၊ မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုမဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၂၀)တို့နှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မြန်မာနိုင်ငံရာသီဥတု ပြောင်းလဲမှုဆိုင်ရာ မဟာဗျူဟာ၊ မြန်မာနိုင်ငံရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပင်မလုပ်ငန်းအစီအစဉ်နှင့်အညီ ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာ နိုင်သည့် ရေကြီးခြင်း၊ မြေပြိုခြင်း၊ လျှော်လှုပ်ခြင်း ကဲ့သို့သော ဘေးအန္တရာယ် များအတွက် အစီအမံများရေးဆွဲ၍ ကြိုတင်ပြင်ဆင် ဆောင်ရွက်ရမည်၊

(၂) စီမံကိန်းမှထွက်ရှိလာမည့် ပလတ်စတစ်စွန့်ပစ်ပစ္စည်းများ၊ မိလ္လာအညစ် အကြေးများ၊ ဓာတုဗေဒစွန့်ပစ်ပစ္စည်းများ၊ စက်မှုလုပ်ငန်းများမှ ထွက်ရှိ လာသော စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ရန်နှင့် လဟာပြင်မီးရှို့မှု ပပျောက်ရေး ဆောင်ရွက်ရမည်၊

(၃) စွန့်ပစ်ပစ္စည်းများအား သက်ဆိုင်ရာက စွန့်ပစ်ပစ္စည်းစုပုံစွန့်ပစ်ရန် သတ်မှတ် ထားသော နေရာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ဆောင်ရွက် ရမည်၊

(၄) စွန့်ပစ်ပစ္စည်းများအား သိမ်းဆည်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ စွန့်ပစ်ခြင်းတို့နှင့်ပတ်သက်၍ ပြန့်ကျဲထွက်ကျမှု၊ အနံ့အသက်ဆိုးများ ထွက်ရှိမှု၊ ဆူညံမှု၊ တုန်ခါမှုတို့ မရှိစေရေး လိုက်နာဆောင်ရွက်ရမည်၊

(၅) စီမံကိန်းမှ ထွက်ရှိသော စွန့်ပစ်ပစ္စည်းနှင့် ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများ စီမံဆောင်ရွက်ထားရှိမှုကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးနိုင်ရေးအတွက် စွန့်ပစ်ပစ္စည်းဆိုင်ရာ မှတ်တမ်းပုံစံထားရှိဆောင်ရွက်ရမည်၊

(၆) ဘေးအန္တရာယ်ရှိ စွန့်ပစ်ပစ္စည်းများနှင့် စက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်ပစ္စည်းများအတွက် ပတ်ဝန်းကျင်နှင့်သဟဇာတ ဖြစ်စေသော စီမံခန့်ခွဲမှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်၊

(၇) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများနှင့်ပတ်သက်၍ ထွက်ရှိမှုလျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်း၊ ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်းဖြင့် စွန့်ပစ်ပစ္စည်း ထွက်ရှိမှုများကို ကာကွယ်ဆောင်ရွက်ရမည်၊

(၈) စီမံကိန်းမှထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲမှုအတွက် အစဉ်လည်ပတ်နေသည့် ရန်ပုံငွေထားရှိဆောင်ရွက်ရမည်။

(ဓ) **စံချိန်စံညွှန်းစည်းကမ်းသတ်မှတ်ချက်များ။** စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) လေအရည်အသွေး၊ ဆူညံသံ၊ အလုပ်စခန်းများ၊ မိလ္လာစနစ်များ၊ အိမ်တွင်းရေဆိုးများနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၊ အထွေထွေလမ်းညွှန်ချက်ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်၊

(၂) ဆူညံသံအတွက် စီမံကိန်း ဧရိယာပြင်ပရှိ အနီးဆုံးလက်ခံသည့် နေရာတွင် အခြေခံအဆင့်မှ အများဆုံးမြင့်တက်မှု ၃ dBA ထက် မကျော်လွန်စေရေး လိုက်နာဆောင်ရွက်ရမည်၊

(၃) စီမံကိန်းနှင့်ဆက်စပ်သော အခြားသက်ဆိုင်ရာ မူဝါဒ၊ ဥပဒေနှင့် သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရမည်။

(ဂ) **လေအရည်အသွေးစီမံခန့်ခွဲရေးဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လေအရည်အသွေးစီမံခန့်ခွဲမှုအစီအစဉ်နှင့် စပ်လျဉ်း၍ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် စပ်လျဉ်း၍ စီမံကိန်းအဆိုပြုသူသည် ကုန်ကြမ်းပစ္စည်း (သို့မဟုတ်) စက်ပစ္စည်း

AnyScanner

(သို့မဟုတ်) စက်ယန္တရားတစ်ခုခု ပြောင်းလဲသုံးစွဲသည့်အခါ ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုအား တတ်နိုင်သမျှ လျှော့ချနိုင်ရေးအတွက် မတူကွဲပြားသော နည်းပညာများ၊ အသုံးပြုမည့် ပစ္စည်းများ၊ သယ်ယူပို့ဆောင်မည့် နည်းလမ်းများ အစရှိသည်တို့ကို ထည့်သွင်းစဉ်းစားရန်နှင့် ကာဗွန်ထုတ်လွှတ်မှုအား ပြန်လည်ဖာထေးသည့် နည်းလမ်းများ (ဥပမာ - သစ်ပင်စိုက်ခြင်းလုပ်ငန်းများ) အား စီမံကိန်းမှ ဆောင်ရွက်မည့် လူမှုအကျိုးပြုအစီအစဉ်များ၏ အစိတ်အပိုင်းတစ်ရပ် အနေဖြင့် ထည့်သွင်းရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

(ဃ) **စွန့်ပစ်ရေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များ။** စွန့်ပစ်ရေစီမံခန့်ခွဲမှုဆိုင်ရာ စည်းကမ်းချက်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စွန့်ပစ်ရေအရည်အသွေးနှင့် စပ်လျဉ်း၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်၏ အထွေထွေလမ်းညွှန်ချက် အပိုဒ် ၁.၂ ပါ သတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၂) စွန့်ပစ်ရေများအား သန့်စင်နိုင်ရေး လုံလောက်သော waste water treatment System ထားရှိဆောင်ရွက်ရန်၊

(၃) စွန့်ပစ်ရေသန့်စင်စနစ်မှ စွန့်ပစ်ရေများကို ပတ်ဝန်းကျင်အပေါ် သက်ရောက်မှု မရှိစေရေး ဆောင်ရွက်ပြီးမှသာ စွန့်ပစ်ရန်နှင့် စွန့်ပစ်ရေစွန့်ပစ်မှုများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းနှင့် လမ်းညွှန်ချက်များ၊ အဆင့်သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(၄) မြေအောက်ရေ ညစ်ညမ်းမှုမရှိစေရေးအတွက် စွန့်ပစ်ရေမြောင်းစနစ်အား စနစ်တကျဖောက်လုပ်၍ ရေစစ်ကန်များအတွင်းသို့ ဝင်ရောက်စေပြီး Treatment ပြုလုပ်၍ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်ပါ သတ်မှတ်ချက်အတွင်း ရောက်ရှိမှသာ ပြင်ပသို့ စွန့်ပစ်ရန်။

(င) **ကျန်းမာရေးနှင့်လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ကျန်းမာရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စည်းကမ်းချက်များနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းကြောင့် ထိခိုက်ခံစားရမည့် ဒေသခံများအတွက် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်ခန့်ထားခြင်း၊ ရေရှည်လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်

စေရေးတို့ကို ဆောင်ရွက်ပေးရန်နှင့် ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး တို့ကို ဆောင်ရွက်ရမည်။

(စ) **ဒေသခံများနှင့်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် ဒေသခံများနှင့် တိုင်ပင်ဆွေးနွေးခြင်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်-

(၁) ဘေးအန္တရာယ်ရှိ လုပ်ငန်းများအပါအဝင် တည်ဆောက်ရေးလုပ်ငန်းများနှင့် ဆောင်ရွက်မည့်လုပ်ငန်းများကို ဒေသခံပြည်သူများသို့ ကြိုတင်အသိပေး ဆောင်ရွက်ရန်၊

(၂) တည်ဆောက်ရေးကာလအတွင်း ယာဉ်သွားလာမှု လမ်းကြောင်းများ၊ ယာဉ်သွားလာမှုကြောင့် ဖြစ်နိုင်သောအနှောင့်အယှက်များ၊ ပတ်ဝန်းကျင်သာယာမှုအပေါ် ထိခိုက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဒေသခံများသို့ ကြိုတင်အသိပေးရန်၊

(၃) ဒေသခံပြည်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်း၊ ပူးပေါင်းပါဝင်စေခြင်း၊ နစ်နာမှုဖြေရှင်းရေးလုပ်ငန်းစဉ်များကိုလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဆ) **အစီရင်ခံတင်ပြခြင်းဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာစီမံခန့်ခွဲမှုအစီအစဉ်များ၊ စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များ ဖြစ်ပွားပါက ဝန်ကြီးဌာနသို့ နှောင့်နှေးမှုမရှိစေဘဲ အစီရင်ခံတင်ပြရမည်-

(၁) ပစ္စည်းကိရိယာများ သို့မဟုတ် နည်းစနစ်များ မှားယွင်းအလုပ်လုပ်ခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အလုပ်မလုပ်တော့ခြင်း၊

(၂) သိသာထင်ရှားသော ညစ်ညမ်းမှုဖြစ်ပေါ်စေခဲ့သော သို့မဟုတ် ဖြစ်ပေါ်နေစေသော သို့မဟုတ် ဖြစ်ပေါ်စေနိုင်သော မတော်တဆမှုတစ်ခု ဖြစ်ပွားခြင်း သို့မဟုတ် ထုတ်လွှတ်မှု ကန့်သတ်တန်ဖိုးဖြင့် ထိန်းချုပ်ထားခြင်း မရှိသည့် အရာဝတ္ထုတစ်ခု ထုတ်လွှတ်ခြင်း၊

(၃) သတ်မှတ်ဖော်ပြထားသည့် ကန့်သတ်တန်ဖိုး တစ်ခုခုကို ကျော်လွန်ခြင်း၊

(၄) ပတ်ဝန်းကျင်နှင့် သက်ရှိတို့၏ကျန်းမာရေးတို့အပေါ် သိသာထင်ရှားသော ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်ခြင်း၊

(၅) စီမံကိန်းအဆိုပြုသူသည် ယင်း၏တာဝန်များပျက်ကွက်မှု သို့မဟုတ် အခြား လုပ်ငန်းများဆောင်ရွက်ရန် ပျက်ကွက်မှု သို့မဟုတ် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာလိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း အစီရင်ခံစာပါအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှု များကို ဖြစ်နိုင်သမျှ ဆောလျင်စွာ ဝန်ကြီးဌာနသို့ စာဖြင့်အသိပေး တင်ပြရ မည်။ ပျက်ကွက်မှု တစ်ရပ်ရပ်ကြောင့် အန္တရာယ်ဖြစ်စေနိုင်သော ပတ်ဝန်းကျင် အပေါ် သက်ရောက်မှု ဖြစ်လာနိုင်သည့် အကြောင်းကိစ္စရပ် သို့မဟုတ် ဝန်ကြီးဌာနက အမြန်သိရှိရန် လိုအပ်သည့် အကြောင်းကိစ္စရပ်ကို (၂၄)နာရီ အတွင်း လည်းကောင်း၊ အခြားအကြောင်းကိစ္စရပ်များ အားလုံးတွင် စီမံကိန်း အဆိုပြုသူက ယင်းဖြစ်စဉ်ဖြစ်ရပ်ကို စတင်သိရှိသည့်အချိန်မှ (၇) ရက်အတွင်း လည်းကောင်း ဝန်ကြီးဌာနသို့ အသိပေးတင်ပြရမည်၊

(၆) စီမံကိန်း၏ အရွယ်အစား၊ နယ်ပယ်အတိုင်းအတာ၊ တည်နေရာ၊ အခင်းအကျင်း၊ နည်းပညာ၊ ကြိုတင်မျှော်မှန်းနိုင်သော ဆိုးကျိုးသက်ရောက်မှုကြောင့် ဖြစ် လာသည့်အန္တရာယ်၊ ထုတ်လုပ်မှုနည်းလမ်း သို့မဟုတ် ညစ်ညမ်းမှုတို့ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုတို့တွင် အဓိကပြောင်းလဲ ခြင်း သို့မဟုတ် တိုးချဲ့ခြင်း သို့မဟုတ် ဒုတိယ တိုးချဲ့ဆောင်ရွက်ရန် အဆိုပြုခြင်းဖြစ်ပါက စီမံကိန်းအဆိုပြုသူသည် သတ်မှတ်ထားသော အချိန် ဇယားအတွင်း ပြောင်းလဲမှုများ၏ သတင်းအချက်အလက်များနှင့်အတူ ဝန်ကြီးဌာနသို့ တင်ပြရမည်၊

(၇) စီမံကိန်းဧရိယာအတွင်းတွင် မမျှော်လင့်သော ဘေးအန္တရာယ်များကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်နှင့် လူမှုရေးအခြေအနေပြောင်းလဲမှုများကြောင့် လည်းကောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ထိခိုက်မှုများအပေါ် မူတည်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် စီမံခန့်ခွဲမှုအစီအစဉ်များအား ဝန်ကြီးဌာနသို့ ပြန်လည်တင်ပြ ရမည်၊

(၈) စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာတင်ပြရာတွင် အောက်ပါအချက်များ ပြည့်စုံစွာ တင်ပြရမည်-

(ကက) စည်းကမ်းချက်များအားလုံးကို လိုက်နာကြောင်း သက်သေခံစာရွက် စာတမ်းအထောက်အထားများ၊

(ခ ခ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်မှုအတွက် တင်ပြထားသည့် အကောင်အထည်ဖော်မှုဇယားအတိုင်း ဆောင်ရွက်ရာတွင် အစီရင်ခံသည့်အချိန်အထိတိုးတက်မှု၊

(ဂ ဂ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အား အကောင်အထည်ဖော်ရာတွင် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ကုစားရန် အကြံပြုချက်များနှင့် အလားတူ အခက်အခဲများ၊ အနာဂတ်တွင် တွေ့ကြုံရနိုင်မှုကို တားဆီးကာကွယ်ရန် သို့မဟုတ် ရှောင်လွှဲရန် အဆိုပြုသည့် ဆောင်ရွက်မှုများ၊

(ဃဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် အကြိမ်နှင့် အမျိုးအစား၊ အဆိုပြုသည့် ကုစားမှု ဆောင်ရွက်ချက်များနှင့် ကုစားမှုပြီးမြောက်ရမည့် အချိန်သတ်မှတ်ချက်များ၊

(င င) လုပ်ငန်းခွင်နှင့် လူမှုအဖွဲ့အစည်း၏ ကျန်းမာရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်နှင့်စပ်လျဉ်း၍ ဖြစ်ပွားသော မတော်တဆမှုများနှင့် ဖြစ်စဉ်ဖြစ်ရပ်များ၊

(စ စ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်အရ သတ်မှတ်ထားသည့် သို့မဟုတ် အခြားလိုအပ်သည့် ပတ်ဝန်းကျင်ဆိုင်ရာအတိုင်းအတာနှင့် စည်းကမ်းချက်များဆိုင်ရာ အချက်အလက်များအား စောင့်ကြပ်ကြည့်ရှုမှု။

(၉) စီမံကိန်းအဆိုပြုသူသည် တည်ဆောက်ရေးအဆင့်လုပ်ငန်းများ ဆောင်ရွက်ပြီးနောက်တွင် စီမံကိန်း၏ လုပ်ငန်းခွင်ပြမြေပုံများ၊ လုပ်သားနေရာထိုင်ခင်း စီမံချက်များ၊ တည်ဆောက်ရေးလုပ်ငန်းကို ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း အထောက်အထားများပါဝင်သည့် စီမံကိန်း၏အပြီးသတ်လုပ်ငန်း အစီအစဉ်များကို ကနဦးတင်ပြမည့် စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့် ပူးတွဲ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနသို့ တင်ပြရမည်။

(၉) **ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းဆောင်ရွက်မည့် နေရာဒေသများတွင် မြေပေါ်/မြေအောက်ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်နှင့်သက်ဆိုင်သည့် အထောက်အထားများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ၊ ရှေးဟောင်းအဆောက်အအုံများတွေ့ရှိပါက ရှေးဟောင်း သုတေသနနှင့်

အမျိုးသားပြတိုက်ဦးစီးဌာနသို့ ချက်ချင်းဆက်သွယ် သတင်းပို့ အကြောင်းကြားရမည်။

(ဈ) **လူမှုတာဝန်သိအစီအစဉ် (CSR) ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** လူမှုတာဝန်သိအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းကြောင့် ထိခိုက်ခံစားရသူများအား လက်ရှိသို့မဟုတ် စီမံကိန်းမဆောင်ရွက်မီကာလထက် မနိမ့်ကျသော လူမှုစီးပွားရေး တည်ငြိမ်ခိုင်မာမှုရရှိသည်အထိ ဆောင်ရွက်ပေးရန်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်တည်ထောင်ရေးနှင့် ပြန်လည်နေရာချထားရေး အစီအစဉ်များကို စီမံကိန်းကြောင့်ထိခိုက်ခံစားရသူများ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၊ အခြားသက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေး၍ လိုအပ်သလို ပံ့ပိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရမည်၊

(၂) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ (Community Development Plan) ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဒေသရှိ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်း (Township Development Plans)များနှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စီမံကိန်းအနီးရှိဒေသခံပြည်သူများ၊ ဆက်စပ်ပတ်သက်သူများနှင့် စဉ်ဆက်မပြတ်တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အကြံပြုချက်နှင့် လိုအပ်ချက်များအား အလေးထား ပေါင်းစပ်ဆောင်ရွက်ရမည်။

(ည) **အများပြည်သူသိရှိနိုင်ရေးဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များ။** စီမံကိန်းအဆိုပြုသူသည် အတည်ပြုထားသည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို စီမံကိန်းနှင့် ဆက်စပ်ပတ်သက်သူများနှင့် အများပြည်သူများသိရှိနိုင်ရေးအတွက် မြန်မာဘာသာဖြင့် ရေးသားဖော်ပြထားသော အကျဉ်းချုပ်အစီရင်ခံစာနှင့် လိုက်နာဆောင်ရွက်မည့် ပတ်ဝန်းကျင်နှင့် လူမှုဆိုင်ရာကတိကဝတ်များအား ဖြန့်ဝေအသိပေးထုတ်ဖော်ကြေညာရမည်။

(ဋ) **စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်ဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များ။** စောင့်ကြပ်ကြည့်ရှုမှုအစီအစဉ်နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းအဆိုပြုသူသည်သက်ဆိုင်ရာအခွင့်အမိန့်ရ အဖွဲ့အစည်းထံမှစာဖြင့်ခွင့်ပြုချက်ကိုလက်ခံရရှိသည့်အခါ အကြိုတည်ဆောက်ခြင်း၊ တည်ဆောက်

ခြင်း၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်ခြင်း၊ လုပ်ငန်းရပ်စဲခြင်း၊ လုပ်ငန်းပိတ်သိမ်းခြင်း၊လုပ်ငန်းပိတ်သိမ်းပြီးကာလဟူသည့် စီမံကိန်းအဆင့်အားလုံးတွင် ဆိုးကျိုးသက်ရောက်မှုအားလုံးအတွက် စီမံကိန်းနှင့်ဆက်စပ်ဆောင်ရွက်မှုများအပေါ် မိမိကိုယ်မိမိ ဘက်စုံစောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းကို လက်တွေ့စဉ်ဆက်မပြတ် ဆောင်ရွက်ရမည့်အပြင် သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် စံချိန်စံညွှန်းများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းသတ်မှတ်ချက်များနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ပါ ကတိကဝတ်များကို လိုက်နာဆောင်ရွက်ရမည်၊

(၂) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် စောင့်ကြပ်ကြည့်ရှုရေးလုပ်ငန်းများကို မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ရာမှ ရရှိသောရလဒ်များကို မှတ်တမ်းတင်ထိန်းသိမ်းထားရန်၊ ယင်းမှတ်တမ်းများတွင် နမူနာစုဆောင်း ရယူခြင်းနှင့် ဓာတ်ခွဲဆန်းစစ်ခြင်းရလဒ်များ၊ ကိရိယာဖြင့် တိုင်းတာချက်များ၊ ချိန်ညှိတွက်ချက်ခြင်းများ (Calibrations)၊ စစ်ဆေးခြင်းများ၊ စမ်းသပ်ခြင်းနှင့် စာရင်းကောက်ခြင်း၊ အချက်အလက်အခြေခံအဖြစ် အသုံးပြုသည့် ဆန်းစစ်လေ့လာမှုများစသည်တို့ ပါဝင်ရမည်။ မှတ်တမ်းများအားလုံးသည် ဖတ်ရှုနိုင်ရမည်ဖြစ်ပြီး ကြောင်းကျိုးညီညွတ်စွာဖြင့် အသုံးချနိုင်ရမည်။ ပြင်ဆင်ဖြည့်စွက်မှုများရှိပါက မူရင်းမှတ်တမ်းနှင့် ပြင်ဆင်ဖြည့်စွက်ထားသော မှတ်တမ်းနှစ်မျိုးလုံးကို ဖတ်ရှုနိုင်သည့် သို့မဟုတ် ပြန်လည်ဖော်ဆောင်ရယူနိုင်သည့်နည်းလမ်းဖြင့် ပြင်ဆင်ဖြည့်စွက်ရန်နှင့် ဝန်ကြီးဌာနမှစာဖြင့် သီးခြားရေးသားသဘောတူထားခြင်းမရှိပါက မှတ်တမ်းများအားလုံးကို ထိန်းသိမ်းထားရမည်၊

(၃) စောင့်ကြပ်ကြည့်ရှုမည့်နယ်ပယ် (ရေ၊ လေ၊ ဆူညံသံ) များ၊ နည်းစနစ်များ၊ နမူနာစုဆောင်းခြင်းနှင့် ဓာတ်ခွဲစမ်းသပ်ခြင်း၊ စောင့်ကြပ်တိုင်းတာမည့်နေရာ၊ အကြိမ်အရေအတွက်၊ အချိန်ဇယားနှင့် မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံခြင်း စသည်တို့ကိုရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ (၆)လ

တစ်ကြိမ် တင်ပြရန်နှင့် အများပြည်သူသိရှိစေရန် ဝန်ကြီးဌာနသို့တင်ပြသည့် နေ့ရက်မှ (၁၀) ရက် အတွင်း ထုတ်ဖော်ကြေညာရမည်၊

(၄) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့် ကုစားပြင်ဆင်ရေး လုပ်ငန်းများ၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ လိုက်နာဆောင်ရွက်ရန်နှင့် စောင့်ကြပ်ကြည့်ရှုရေးအစီအစဉ်တွင် ဖော်ပြထားသည့် ကတိကဝတ်အတိုင်း လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရမည်၊

(၅) စီမံကိန်းအဆိုပြုသူသည် စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာအား ဤဝန်ကြီးဌာနသို့ တင်ပြသည့် နေ့ရက်မှ (၁၀) ရက်အတွင်း အမျိုးသားလုံခြုံရေး ဆိုင်ရာ ကိစ္စရပ်များမှတစ်ပါး အများပြည်သူသိရှိနိုင်ရန် စီမံကိန်း၏ ဝက်ဘ်ဆိုဒ်တွင် လည်းကောင်း၊ စာကြည့်တိုက်များ၊ ပြည်သူ့ခန်းမများ စသည့် အများပြည်သူ စုဝေးရာနေရာများတွင်လည်းကောင်း၊ စီမံကိန်းရုံးဌာန များတွင် လည်းကောင်း အများပြည်သူသိရှိနိုင်စေရန်တင်ပြရမည်။ မည်သည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မဆို စောင့်ကြပ်ကြည့်ရှုမှုအစီရင်ခံစာ၏ ဒီဂျစ်တယ်မိတ္တူကို တောင်းခံနိုင်ပြီး စီမံကိန်းအဆိုပြုသူသည် ယင်းတောင်းခံ ချက်ကို ရရှိပြီးနောက်(၁၀) ရက်အတွင်း ဒီဂျစ်တယ်မိတ္တူကို အီးမေးလ်ဖြင့် ဖြစ်စေ၊ တောင်းခံသူနှင့် သဘောတူညီထားသည့် အခြားနည်းလမ်းဖြင့် ဖြစ်စေ ပေးပို့ဆောင်ရွက်ရမည်၊

(၆) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းလုပ်ငန်းများ သို့မဟုတ် စီမံကိန်းနှင့်ဆက် စပ်သည့် လုပ်ငန်းများကို ဆောင်ရွက်နေသည့် စီမံကိန်းရုံး၊ စီမံကိန်း လုပ်ငန်းခွင်နေရာနှင့် အခြားမည်သည့်နေရာကိုမဆို ဝန်ကြီးဌာနမှဖြစ်စေ၊ ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းနှင့် စပ်လျဉ်း၍ ပုံမှန်အလုပ်ချိန်အတွင်း မည်သည့်အချိန်တွင်ဆို ဝင်ရောက် ကြည့်ရှုနိုင်ရေး ခွင့်ပြုရမည်၊

(၇) အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်လျှင်သော်လည်းကောင်း၊ စီမံကိန်းသည် သက်ဆိုင်ရာပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ သတ်မှတ်ချက်များအား ချိုးဖောက်သည် သို့မဟုတ် ချိုးဖောက်နိုင်ဖွယ်ရှိသည်ဟု ဝန်ကြီးဌာနက ထင်မြင်ယူဆလျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနက သတ်မှတ်သည့်

မည်သည့် အချိန်တွင်မဆို စီမံကိန်းလုပ်ငန်းခွင်ရှိ မည်သည့်နေရာမဆို ချက်ချင်းဝင်ရောက်နိုင်ရေး ခွင့်ပြုရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ဝန်ကြီးဌာနကစစ်ဆေးခြင်းကို ဆောင်ရွက်ရန် လိုအပ်သည့် ဓာတ်ပုံရိုက်ကူးခြင်း၊ အသံသွင်းခြင်း၊ ဗီဒီယိုရိုက်ကူးခြင်း၊ မြေသား၊ နုန်းအနည်အနှစ်၊ ရေနှင့် လေနမူနာများရယူခြင်းနှင့် ကွန်ပျူတာများကို စစ်ဆေးခြင်း၊ ဒီဂျစ်တယ် စာတွဲများအပါအဝင် စာရွက်စာတမ်းအထောက်အထားများကို မိတ္တူကူးခြင်း၊ လူပုဂ္ဂိုလ်များကို တွေ့ဆုံမေးမြန်းခြင်းနှင့် လိုအပ်သည်ဟု ယူဆသည့် အခြားစုံစမ်းစစ်ဆေးခြင်း အပါအဝင် မည်သည့်နည်းလမ်းဖြင့်မဆို စစ်ဆေးဆောင်ရွက်ခြင်းကို လိုက်နာဆောင်ရွက်ရမည်၊

(ဃ) ဝန်ကြီးဌာနမှဖြစ်စေ၊ဝန်ကြီးဌာနအား ကိုယ်စားပြုသူများမှဖြစ်စေ ပတ်ဝန်းကျင်စစ်ဆေးသည့် ကုန်ကျစရိတ်များ၊ စစ်ဆေးသူများအတွက် ကုန်ကျစရိတ်များကျခံခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း အပိုဒ် ၁၂၂ နှင့်အညီ စီမံကိန်းအဆိုပြုသူမှကျခံရမည်။

**သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များ**

၈။ သက်သေခံလက်မှတ်ဆိုင်ရာ စည်းကမ်းချက်များနှင့်ပတ်သက်၍ အောက်ဖော်ပြပါ အချက်တို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှုသက်သေခံလက်မှတ်သက်တမ်းသည် ထုတ်ပေးသည့်နေ့ရက်မှစ၍ (၅) နှစ်ဖြစ်သည်။ စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သက်တမ်းမကုန်ဆုံးမီ (၆)လ ကြိုတင်၍သက်တမ်းတိုးရန် ဝန်ကြီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် သက်သေခံလက်မှတ်ရရှိပြီးပထမ(၂)နှစ်အတွင်း စီမံကိန်း၏ အကောင်အထည်ဖော်မှုကို စတင်ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်ခြင်းကို စတင်ဆောင်ရွက်သည့်နေ့မှ ရက်ပေါင်း(၃၀)ထက် နောက်မကျစေဘဲ ဤဦးစီးဌာနသို့ စာဖြင့်သတင်းပို့ အကြောင်းကြားရမည့်အပြင် စီမံကိန်းကို အကောင်အထည်ဖော်ရာတွင် ပါဝင်သော ဆောင်ရွက်မှုများကို သတ်မှတ်ဖော်ပြရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် စီမံကိန်းအကောင်အထည်ဖော်မှုကို မည်သည့်အတွက်ကြောင့် စတင်နိုင်ခြင်းမရှိကြောင်းနှင့် စတင်အကောင်အထည်ဖော်နိုင်ရန် အချိန်ကာလ မည်မျှ လိုအပ်ကြောင်းကို အကျိုးအကြောင်းဖော်ပြ၍ ထိုလိုအပ်သည့် ကာလအတွက် အချိန် တိုးပေးရန် တင်ပြချက်အရ ဝန်ကြီးဌာနက အချိန်တိုးပေးသည့်ကိစ္စမှတစ်ပါး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ရရှိပြီး (၂)နှစ်အတွင်း စီမံကိန်းကိုထိရောက်စွာ အကောင်အထည်ဖော်မှုအား စတင် ဆောင်ရွက်ခြင်းမပြုလျှင် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ကို အသစ်ပြုလုပ် တင်ပြရမည်၊

(ဃ) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောက်ပါအချက်များ တွေ့ရှိရပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို ဝန်ကြီးဌာနမှ ပြင်ဆင်ခြင်း သို့မဟုတ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအစဉ်(EMP)ကို ပြန်လည်ပြင်ဆင်စေပြီး တင်ပြရန် ညွှန်ကြားပါက စီမံကိန်း အဆိုပြုသူက လိုက်နာဆောင်ရွက်ရမည်-

(၁) စီမံကိန်းကြောင့် အမှန်တကယ်ထိခိုက်မှု သို့မဟုတ် ထိခိုက်နိုင်မှုများကို လျှော့ချရန် ဆောင်ရွက်မှုများသည် ပြည့်စုံမှုမရှိခြင်း သို့မဟုတ် လုံလောက်မှု မရှိခြင်း၊

(၂) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မည်ကဲ့သို့ထိခိုက်မှုဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေနိုင်ကြောင်း သို့မဟုတ် ဖြစ်လာကြောင်း သိရှိနိုင်ရန် သတင်း အချက်အလက်သစ်များ ထွက်ပေါ်လာခြင်း၊

(၃) စီမံကိန်းသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP)ကို မူလ အတည်ပြုခဲ့ သည့်အချိန်မှ ကြိုတင်သိမြင်နိုင်ခြင်းမရှိသော ဆိုးကျိုးသက်ရောက်မှုများ ရှိခြင်း၊

(၄) စီမံကိန်း၏ဆိုးကျိုးသက်ရောက်မှုများသည် မူလ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီ အစဉ် (EMP)၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်နှင့် စည်းကမ်းချက်များထုတ်ပေးခြင်း၊ ပြင်ဆင်ခြင်း၊ တင်သွင်းခြင်းနှင့် အတည်ပြုခြင်းများအတွက် အခြေခံအချက်များထုတ်ဖော် ခဲ့စဉ်က မျှော်မှန်းထားသည့် ထိခိုက်မှုထက် ပိုမိုကြီးမားခြင်း၊

(၅) အကောင်းဆုံးရရှိနိုင်သောနည်းလမ်း အစီပွာယ်ဖွင့်ဆိုချက်အရ စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုကို ထူးခြားစွာ လျှော့ချနိုင်ခြင်း၊

(၆) စီမံကိန်း၏ ဆိုးကျိုးသက်ရောက်မှုများကို စီမံကိန်းတွင် စီးပွားရေးအရ သိသိသာသာ အပိုကုန်ကျစရိတ် မဖြစ်စေဘဲ အလေ့အကျင့်ကောင်းများဖြင့် လျှော့ချနိုင်ခြင်း၊

(၇) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်တွင် သတ်မှတ်ထားသော နည်းလမ်းများ/ စည်းကမ်းချက်များသည် ဆိုးကျိုး သက်ရောက်မှုများကို လျှော့ချရာတွင် မလိုအပ်တော့ဟု ဆုံးဖြတ်နိုင်ခြင်း။

၉။ **ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေဆိုင်ရာ စည်းကမ်းချက်များ။** ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေ ၃၀ နှင့်အညီ ညစ်ညမ်းမှု (ထုတ်လွှတ်မှု၊ စွန့်ပစ်ပစ္စည်း) ဖြစ်စေခြင်းအတွက် ပေးဆောင်ငွေများ၊ သယံဇာတအသုံးပြုမှုနှင့် ဂေဟစနစ်ဝန်ဆောင်မှုများမှ အကျိုးရရှိခြင်းအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးရန်ပုံငွေတွင် ပေးဆောင်ငွေများအဖြစ် ထည့်ဝင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ဤဝန်ကြီးဌာနက သတ်မှတ်ပါက စီမံကိန်းအဆိုပြုသူမှ ငွေကြေးထည့်ဝင်ရမည်၊

(ခ) စီမံကိန်းအဆိုပြုသူသည် ငွေရေးကြေးရေး အာမခံချက်များအားလုံးကို ဝန်ကြီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ၏ အတည်ပြုချက်ဖြင့် သတ်မှတ်/ ပြင်ဆင်တောင်းခံပါက ထည့်ဝင်ရမည်၊

(ဂ) စီမံကိန်းအဆိုပြုသူသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ရန်ပုံငွေထူထောင်ထားရှိရမည်၊

(ဃ) စီမံကိန်းအဆိုပြုသူအနေဖြင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်(EMP)ပါ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ထည့်သွင်းဖော်ပြထားသည့် လျာထားအသုံးစရိတ်များနှင့် ပတ်သက်၍ သီးခြားငွေစာရင်းဖွင့်လှစ်ထားသော အထောက်အထားအချက်အလက်ဖြင့် ထည့်သွင်းဖော်ပြရမည်။

**အထွေထွေစည်းကမ်းချက်များ**

၁၀။ စီမံကိန်းအဆိုပြုသူသည် စီမံကိန်းဒီဇိုင်းနှင့် စီမံကိန်းလုပ်ငန်းများကို ပြင်ဆင်ရန်ရှိပါက ဝန်ကြီးဌာနသို့ ကြိုတင်အသိပေးတင်ပြရမည်။

၁၁။ ဤပုတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ဤလက်မှတ်ပါ လုပ်ငန်းနှင့်သာ သက်ဆိုင်စေရမည်။

၁၂။ ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန်ဖြစ်ပြီး စီမံကိန်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုမိန့်မှာ သက်ဆိုင်ရာဌာန၏ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ရန်ဖြစ်သည်။ စီမံကိန်းသက်တမ်းအတွင်း စစ်ဆေးမှု ပြုလုပ်ချိန်တွင် ခွင့်ပြုမိန့်စာရွက်စာတမ်း အထောက်အထားများအားလုံးကို တင်ပြရမည်။

၁၃။ စီမံကိန်းပိုင်ရှင်နှင့်အဆိုပြုထားသောလွှဲပြောင်းလက်ခံသူတို့၏ ပူးပေါင်းလျှောက်ထားချက် အရ ဤသက်သေခံလက်မှတ် သို့မဟုတ် ယင်း၏အစိတ်အပိုင်းတစ်ရပ်ရပ်ကို အဆိုပြုထားသော လွှဲပြောင်းလက်ခံသူထံ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရရှိပြီးမှသာ လွှဲပြောင်းရမည်။

၁၄။ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အပိုဒ် ၁၀၂ အရ စီမံကိန်း အဆိုပြုသူသည် မိမိကိုယ်တိုင်ကြောင့်ဖြစ်စေ မိမိကိုယ်စားဆောင်ရွက်ရန် ခန့်ထားခြင်း သို့မဟုတ် ငှားရမ်းခြင်း သို့မဟုတ် အခွင့်အာဏာပေးခြင်းပြုထားသည့် ကန်ထရိုက်တာ၊ လက်ခွဲဆောင်ရွက် ပေးသူ ဆပ်ကန်ထရိုက်တာ၊ အရာရှိ၊ အလုပ်သမား၊ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံများ၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့်ဖြစ်စေ ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများ အားလုံးတို့အတွက် တာဝန်ရှိသည်။

၁၅။ စီမံကိန်းအဆိုပြုသူသည် ဤပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာမှုမရှိပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူခြင်းခံရမည်။

---